# လမ်းလျှောက်တက်ပြီ

- ဆင်ခေါင်းကိုခွေးချီသလိုမျိုးဖြစ်နေမယ့်
စစည်းမှုမျိုးတွေနဲ့
တွဲလုပ်ရင်တော့ သမိုင်းတရားခံဖြစ်မယ်
ဒါကြောင့်ရှောင်မယ်ဆိုပဲ.....။

- ဘာကိုများကြည့်ပြောတာပါလိမ့်
လူတွေကိုလား
ဟုတ်တယ်ထင်ပါရဲ့
ကျနော်တို့လူတွေက အထင်ကရတော့မဟုတ်ဘူး
သာမန်အောက်ခြေက  တက်ကြွလှုပ်ရှားသူတွေလေ
ဒါပေမယ့် ဒီလူတွေကို စုမှရမယ်
စုစည်းမှုဖြစ်မယ်
စုထားတဲ့အားနဲ့လုပ်မှဖြစ်မယ်  ဒီအားကမနည်းဘူး
ဦးလေး
ဆင်ခေါင်းကိုမနိုင်ပေမယ့် ဝိုင်းဆွဲရမယ်
ရွေ့လျားသွားအောင်တွန်းရမယ်
လုပ်ကြည့်မှသိမယ့် အဖြေတွေမို့
ထင်မြင်ချက်တွေမစောစေချင်သေးဘူး
စောင့်ကြည့်ပါဦး...........ဦးလေး..... ။

- ဒီဖက်မှာက ကျွန်လိုရုန်းကန်ငွေရှာ
ရှာဖွေထားတဲ့ငွေကြေးနဲ့ ထောက်ပံ့ကြွေးမွေး
မိသားစုအရေး တိုင်းရေးပြည်ရေး
နိုင်ငံရေးနဲ့
တကယ်ပဲ အလုပ်တွေရှုတ်နေကြတာပါ..... ။

- ဆန္ဒပြဖို့ အင်အားပြဖို့
လမ်းလျှောက်ချီတက်ဖို့ ဖိတ်ခေါ်တဲ့အခါတိုင်း
အသံကုန်ဟစ်အော်
ကျနော်တို့က အကဲဆုံးထင်ပါရဲ့ ဦးလေး.....။

- ကျဉ်လွတ်မြေမှာဆိုပေမယ့်ဦးလေးရယ်
ကျနော်တို့မှ ထမအော်ရင်
ဦးလေးတို့ပြောနေတဲ့ နိုင်ငံကာဖိအားဆိုတာ
ဘယ်နှယ့်ဖြစ်လာမလဲ
ဦးလေးလိုက်အော်ကြည့်ပါလား
ကျနော်ထင်ပါတယ် ဦးလေးရှက်နေမှာပါ
သိက္ခာကျတယ်လို့တောင် ဦးလေးထင်နေမှာ
ကျနော် ယုံတယ်.....။

- တကယ်တော့
ကိုယ်လုပ်နိုင်တဲ့အလုပ်တွေနဲ့
တာဝန်ခွဲဝေလုပ်နေကြတာပါလို့  သိနေဖို့ပဲလိုတာပါ
လုပ်ချင်တဲ့သူတွေကို အားပေးတာဟာ
နိုင်ငံရေးလုပ်ငန်းတခုပဲလို့ ကျနော်တော့နားလည်တယ်
တက်ကြွသူတွေရဲ့တပ်ဦးကိုစုဖွဲ့
အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကိုတည်ထောင်
အဲဒါကိုကျနော်ရည်ရွယ်ပါတယ်
မလွယ်ပေမယ့် လုပ်မှဖြစ်မယ်    ဦးလေး.....။

တေဇထွန်းလင်း